# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဈ-၄(ဂ)၊ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ စုံစမ်းစစ်ဆေးမှုဆိုင်ရာ ဒုတိယ အကြောင်းကြားစာ

*ပုဒ်မ ၄၃၁ (ခ)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

ရုံးသုံးအတွက်သာ

**ကုမ္ပဏီအမည်**

**မှတ်ပုံတင်အမှတ်**

### ၁။ အထွေထွေညွှန်ကြားချက်များ

ပုဒ်မ ၄၃၁ (ခ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

> “ မှတ်ပုံတင်အရာရှိသည် အဆိုပါအကြောင်းကြားစာကို ပေးပို့ပြီးနောက် ၂၈ ရက်အတွင်း ဖြေကြားမှု တစ်စုံတစ်ရာ ကိုမရရှိခဲ့လျှင် အဆိုပါကာလ ကုန်ဆုံးပြီးနောက် ၆၀ ရက်အတွင်း ပထမအကြောင်းကြားစာကို ရည်ညွှန်းလျက် ပုဒ်မခွဲ (က) ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ ပေးပို့ရမည်ဖြစ်ပြီး ထိုအကြောင်းကြားစာတွင် ဖြေကြားမှုတစ်စုံတစ်ရာ မရရှိခဲ့ကြောင်း ဖော်ပြပါရှိစေရမည်။ ဒုတိယအကြောင်းကြားစာ ပေးပို့သည့်နေ့မှ ၂၈ ရက် အတွင်း ဒုတိယအကြောင်းကြားစာအပေါ် ဖြေကြားမှုမရရှိခဲ့လျှင် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ဖော်ပြရမည်။ ”

### ၂။ မှတ်ပုံတင်အရာရှိထံမှ နောက်ထပ်အကြောင်းကြားစာ

ပုဒ်မ ၄၃၁၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) အရ ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံမှ အကြောင်းကြားစာကို ယခင်က ရရှိခဲ့ပြီး ဖြစ်ပါသည်။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီထံမှ ပြန်ကြားချက်ကို မရရှိသေးပါ။

ပုဒ်မ ၄၃၁ (ခ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) နှင့်အညီ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ ကုမ္ပဏီအပေါ် စုံစမ်းစစ်ဆေးရန် ဒုတိယအကြိမ် အကြောင်းကြားစာကို ပေးပို့ပါသည်။

ကုမ္ပဏီသည် ဤအကြောင်းကြားစာ ရရှိပြီး ၂၈ ရက် အတွင်း (ပုံစံ ဈ-၄(က) ကို ဖြည့်စွက်ခြင်းဖြင့်) ဤအကြောင်းကြားစာကို ပြန်ကြားရမည်။အကယ်၍ သတ်မှတ်ကာလအတွင်း ကုမ္ပဏီထံမှ ပြန်ကြားချက်မရရှိပါက အဆိုပါကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန် နိုင်ငံတော်ပြန်တမ်းတွင်း ထည့်သွင်းကြေညာမည်ဖြစ်ပါသည်။